

# ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲခြင်း

## မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်လူမှုအခြေအနေများဆိုင်ရာ အကျိုးစီးပွားများ တိုးတက်ဖြစ်ပေါ်လာစေရန် ပူးပေါင်းဆောင်ရွက်သောနည်းလမ်းဖြင့် ဖော်ဆောင်ခြင်း။

မြိတ်ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလှေအုပ်စု။ ဓါတ်ပုံ - Doug Rader (EDF)

### ကမ်းဝေးငါးဖမ်းလုပ်ငန်း၏ သဘောသဘာဝ

- ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်းမှာ ကမ်းခြေမှ ရေမိုင်(၁၀)မိုင်ကွာဝေးသော မျဉ်းမှ အထူးစီးပွားရေး လွတ်လပ်ဇုန် **Exclusive Economic Zone(EEZ)** နယ်နိမိတ်အဆုံးထိ သတ်မှတ်ထားပါသည်။ ကမ်းနီးနှင့်ကမ်းဝေး ငါးဖမ်းလုပ်ငန်းတွင် ရေလုပ်သား (၁.၄)သန်းခန့် မှတ်ပုံတင်ထားပါသည်။
- ကမ်းဝေးငါးဖမ်းလုပ်ငန်းတွင် ငါးလုပ်ငန်းဦးစီး၏ ၂၀၁၅ ခုနှစ်၊ စာရင်းမှတ်တမ်းများအရ ကမ်းဝေးငါးဖမ်းရေယာဉ် အစီးရေ ၂၇၀၀ ရှိပါသည်။ ထိုငါးဖမ်းရေယာဉ် အရေအတွက်သည် ပင်လယ်ငါးဖမ်းလုပ်ငန်းမှ စဉ်ဆက်မပြတ် ဖမ်းဆီးထုတ်လုပ်နိုင်မည့် ပမာဏသတ်မှတ်ချက်ကို ကျော်လွန်ဖမ်းဆီးလျှက် ရှိသည်ဟု ယူဆရပါသည်။
- ကမ်းဝေးငါးဖမ်းလုပ်ငန်းမှ ငါးဖမ်းဆီးမှုစာရင်းဇယားများကို တရားဝင်မှတ်တမ်းတင်ထားခြင်းမရှိသဖြင့် ခန့်မှန်းစာရင်းဖြင့်သာ ဖော်ပြလျှက်ရှိပါသည်။ ငါးလုပ်ငန်းဦးစီးဌာန၏ ဖော်ပြချက်အရ ပင်လယ်ကမ်းဝေး ငါးဖမ်းထုတ်လုပ်မှုမှာ တန်ချိန် (၂.၇၅)သန်းခန့်ရှိပြီး ထိုဖော်ပြချက်မှာ အမှန်ထုတ်လုပ်မှုထက် ပို၍ ခန့်မှန်းထားပုံပေါ်ပါသည်။
- နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးဖမ်းခွင့်ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင် ရုတ်သိမ်းခဲ့ပါသည်။ သို့ရာတွင် ပြည်တွင်းနှင့် ပြည်ပရေယာဉ်များ ပါဝင်သော တရားမဝင် ငါးဖမ်းဆီးခြင်း **(IUU)**များ ဆက်လက်တည်ရှိနေဆဲ ဖြစ်ပါသည်။

### အကျဉ်းချုပ်

မြန်မာ့ပင်လယ်ငါး သယံဇာတများသည် ၁၉၇၉ ခုနှစ်မှစ၍ ယနေ့အထိ မူလအခြေအနေမှ ၉၀%အထိ လျော့နည်းလာခဲ့ရာ အကျိုးဆက်အနေဖြင့် ငါးလုပ်ငန်းအခြေပြု စီးပွားရေးလုပ်ငန်းများ ကျဆင်းခြင်း၊ ငါးရိက္ခာနှင့် ငါးမှရရှိသော အဟာရဖြည့်ဆည်းမှုလျော့နည်းခြင်း၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများနှင့် ဆက်စပ်သောသက်ရောက်မှုများ သိသာထင်ရှားလာခြင်း စသည်များ ကြုံတွေ့လျှက်ရှိပါသည်။ ခေတ်နှင့်မလျော်ညီသော ငါးလုပ်ငန်းဥပဒေနှင့်မူဝါဒများ၊ စီမံခန့်ခွဲမှုနည်းလမ်းများနှင့်အတူ ဌာနဆိုင်ရာစွမ်းဆောင်မှု အားနည်းခြင်းများမှာလည်း ငါးလုပ်ငန်း ဂေဟစနစ်များ ပျက်စီးခြင်း၏ အခြေခံအကြောင်းရင်းများဖြစ်ပါသည်။ လက်ရှိငါးလုပ်ငန်းဥပဒေများ၊ မူဝါဒများဆိုင်ရာ အားနည်းချက်များကြောင့် ပင်လယ်ငါးဖမ်းလုပ်ငန်းကိုအခြေပြုသော စီးပွားရေးလုပ်ငန်းများမှာ ဆုတ်ယုတ်ခဲ့ပါသည်။ ရေနေသတ္တဝါများနှင့် ဆက်နွယ်သည့် ဂေဟစနစ်များ ထိမ်းသိမ်းနိုင်ရန် ရင်းနှီးမြှုတ်နှံမှုများ ပြုလုပ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤမူဝါဒစာတမ်းသည် ငါးလုပ်ငန်းဥပဒေနှင့်မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းများ၊ မိတ်ဖက်စုပေါင်း စီမံခန့်ခွဲခြင်းနှင့် အင်စတီကျူးရှင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများမှတဆင့် အခြေခံ၍ မြန်မာပြည်သူများအတွက် စီးပွားရေး၊ လူမှုရေး၊ သဘာဝအရင်းအမြစ်ဆိုင်ရာ ရေရှည်အကျိုးစီးပွားများ ဖြစ်ထွန်းနိုင်ရေးအတွက် ဆောင်ရွက်သင့်သည်များကို တင်ပြထားပါသည်။

### အဓိကဖော်ပြချက်များ

- ပင်လယ်ငါး သယံဇာတများ လျော့နည်းလာခြင်းကို မိတ်ဖက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြန်လည်ထူထောင်ခြင်း၊
- ဂေဟစနစ်ကိုအခြေပြု၍ ဒေသအလိုက် ဘက်စုံပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီမံခန့်ခွဲမှုကို ပိုမိုထိရောက်စေခြင်း၊
- ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်းကို ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေခြင်းဖြင့် စီးပွားဖြစ်ထွန်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ငါးရိက္ခာဖူလုံမှုကို အထောက်အကူ ဖြစ်စေခြင်း၊
- ပင်လယ်ကမ်းဝေး ငါးသယံဇာတများကို ထိရောက်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ငါးလုပ်ငန်းမူဝါဒနှင့် ဥပဒေများကို ခေတ်ကာလနှင့်လျော်ညီစွာ ပြုပြင်ပြောင်းလဲခြင်း။
- ငါးလုပ်ငန်းဌာနများနှင့် ဆက်စပ်အဖွဲ့အစည်းများကို ပြင်ဆင်ဖွဲ့စည်းခြင်းဖြင့် ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်းကို စွမ်းရည်ပြည့်ဖော်ဆောင်လာနိုင်ခြင်း၊

## နိဒါန်း

မြန်မာ့ပင်လယ်ပြင်သည် ငါးဖမ်းလုပ်ငန်း၊ ကုန်သွယ်ရေကြောင်းလုပ်ငန်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း စသော လုပ်ငန်းများစွာကို အထောက်အကူပြုလျှက် ရှိပါသည်။ ဤအခြေအနေမှာ ထူးခြားစွာဖြစ်ပေါ်နေခြင်း မဟုတ်ပါ။ နိုင်ငံအများတွင်လည်း ရေရှည်တည်တံ့ အာမခံချက်မရှိသော သမားရိုးကျ ရေလုပ်ငန်းစနစ်များမှ ပိုမို၍ကောင်းမွန်သော ရေရှည်တည်တံ့သည့် စနစ်ကျသော ပင်လယ်ပြင်စီမံအုပ်ချုပ်မှုစနစ်သို့ နည်းလမ်းများစွာဖြင့် ဦးတည်ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံရေး၊ လူမှုစီးပွားရေးအရသော် လည်းကောင်း၊ အစဉ်အလာအရသော် လည်းကောင်း အဏ္ဏဝါသဘာဝ သယံဇာတများကို အကန့်အသတ်မဲ့ ထုတ်နှုတ်အသုံးချနေခြင်းကို လျော့နည်းလာစေရန် ဆောင်ရွက်နိုင်သော အခြေအနေရှိပါသည်။ မြန်မာပြည်သူများအတွက် တန်ဖိုးကြီးမားသော ပင်လယ်ပြင် ငါးသယံဇာတများကို ပိုမိုထုတ်ယူရရှိနိုင်ပါသည်။ ဤကမ်းဝေးငါးဖမ်းလုပ်ငန်းဆိုင်ရာ မူဝါဒအကျဉ်းတွင် အဏ္ဏဝါသယံဇာတများကို အကျိုးရှိစွာဖြင့် ဘက်စုံ ထုတ်နှုတ်သုံးစွဲနိုင်ရန်အတွက် စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု နည်းလမ်းများကို အဓိကဖော်ပြထားပါသည်။

### ၁။ စီးပွားရေးတိုးတက်မှု စဉ်ဆက်မပြတ်စေရန် အလေးထားဆောင်ရွက်ခြင်း။

ငါးလုပ်ငန်းသည် စားနပ်ရိက္ခာဖူလုံရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ သာမက ကမ္ဘာတစ်ဝှမ်း ကုန်သွယ်ရေးမှ အမျိုးသားဝင်ငွေ ဘီလီယံပေါင်း များစွာကို ပံ့ပိုးလျှက် ရှိပါသည်။ သို့ရာတွင် ငါးလုပ်ငန်းစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာ အားနည်းချက်များကြောင့် ကမ္ဘာတစ်ဝှမ်းတွင် အမေရိကန်ဒေါ်လာ (၉၀) ဘီလီယံ ခန့်မှာ နှစ်စဉ် ဆုံးရှုံးလျှက်ရှိနေပါသည်။ ထို့ကြောင့် ငါးလုပ်ငန်း စီမံခန့်ခွဲမှုကို တိုးတက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက ပင်လယ်ငါးဖမ်းလုပ်ငန်းမှ စီးပွားဖြစ်ပေါ်မှုမှာ လက်ရှိအခြေအနေထက် (၂၀၀%/နှစ်ဆ)ခန့် တိုးတက် အကျိုးဖြစ်ထွန်းမည် ဖြစ်ပါသည်။

လက်ရှိ၌ မြန်မာ့ပင်လယ် ငါးဖမ်းလုပ်ငန်းတွင် ငါးအလွန်အကျွံဖမ်းဆီးမှုများ ရှိနေသော်လည်း ငါးသယံဇာတများမှာ အချိန်တိုအတွင်း ပြန်လည်ထူထောင်နိုင်သော အခြေအနေတွင် ရှိနေသေးသည်ဟု လက်ခံထားကြပါသည်။ ငါးသယံဇာတများကို ပြန်လည်ထူထောင်ပေးခြင်းအားဖြင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ တိုးတက်လာခြင်း၊ အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းများပြားလာခြင်း၊ ငါးသယံဇာတကို အကျိုးရှိစွာ ခွဲဝေသုံးစွဲခြင်း စသည်အားဖြင့် စီးပွားရေးအခွင့်အလမ်းများလည်း တိုးတက်လာမည် ဖြစ်ပါသည်။ စီးပွားဖြစ်လုပ်ငန်း ဆုတ်ယုတ်နေသော အခြေအနေကို ပြန်လည် ထူထောင်လာခြင်းဖြင့် အသက်မွေးဝမ်းကြောင်းမှု လုပ်ငန်းများနှင့် လူမှုရေးဆိုင်ရာ အခွင့်အလမ်းများ တိုးတက်လာမည် ဖြစ်ပါသည်။ ကမ္ဘာတစ်ဝှမ်းစားသုံးရန် ငါးလိုအပ်ချက်မှာ အမြဲတစေ မြင့်မားလျက်ရှိပါသည်။ သို့ကြောင့် ကမ္ဘာ့ငါးဈေးကွက်သည် စီးပွားရေးလုပ်ငန်းများအတွက် အမြဲတစေရှိနေမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံ အနေဖြင့်လည်း ဒေသတွင်း ဦးဆောင် ရေထွက်ပစ္စည်း စီးပွားရေးလုပ်ငန်းများကို ကျော်လွန်၍ ဈေးကွက်အသစ်များ ဖော်ဆောင်နိုင်သော အခြေအနေရှိပါသည်။

### ၂။ ခေတ်အခါနှင့်လျော်ညီသော မူဝါဒနှင့် တရားဥပဒေများ။

မြန်မာ့ပင်လယ် ကမ်းဝေးငါးဖမ်းလုပ်ငန်များကို FAO ၏ တာဝန်သိသော အသိစိတ်ဖြင့် လိုက်နာအပ်သည့် ရေလုပ်ငန်းဆောင်ရွက်မှု ကျင့်ဝတ်များ (FAO's CCRF) ထုတ်ပြန်ခြင်းမတိုင်မီက ရေးဆွဲခဲ့သော ဥပဒေဟောင်း များဖြင့် ဆက်လက် ကျင့်သုံးလျှက် ရှိပါသည်။ လက်ရှိ မြန်မာ့ငါးလုပ်ငန်း ဥပဒေများသည် ငါးလုပ်ငန်း စီမံခန့်ခွဲမှု အစီအစဉ်များ၊ ငါးလုပ်ငန်းဆောင်ရွက်သူများ၏ အကြံ

“ပင်လယ်ပြင်သည် ကျွန်တော်တို့ရဲ့ ကျန်းမာရေးနှင့် ရှင်သန်မှုအတွက် ပံ့ပိုးမှုတွေဖြစ်စေပါသည်။ မိမိတို့ကလည်း ပင်လယ်ပြင်ကြီး ကျန်းမာရှင်သန်စေရန် ပွင့်လင်းမြင်သာစွာဖြင့် စောင့်ရှောက် အကာအကွယ်ပေးရမှာ ဖြစ်ပါတယ်”

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ပင်လယ် ကမ်းဝေးငါးဖမ်း ရေလုပ်သားများ - ၂၀၁၅

ပြုချက်နှင့် ဆုံးဖြတ်ချက်များ၊ သုတေသနနှင့် စီမံခန့်ခွဲမှု စည်းမျဉ်းများအပေါ် အလေးထားမှု အားနည်းလျှက်ရှိကြောင်း တွေ့ရှိရသည်။ ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် လိုင်စင်ထုတ်ပေးခြင်းကိုသာ အဓိကအားဖြင့် ဆောင်ရွက်လျက်ရှိပြီး၊ နှစ်စဉ် ငါးထုတ်လုပ်မှု ရည်မှန်းချက်ကို ပုံသေနှုန်းထားဖြင့် တွက်ချက်လျှက်

**သမုဒ္ဒရာ၏ အကြီးမားဆုံးအလားအလာ**

Relative to BAU

အစားအစာ ပိုများလာမည်။

တစ်နှစ်လျှင် **၂၃% အထက်** ဖမ်းဆီးနိုင်မည်။

**+၁၇**
MMT(တန်)/၁နှစ်

အကျိုးအမြတ် ပိုများလာမည်။

တစ်နှစ်လျှင် **၃၁၅% အထက်** အကျိုးအမြတ်ရှိမည်။

**+$၉၀၀ ကဋေ**
USD/၁နှစ်

ငါး ပိုများလာမည်။

ငါးအရေအတွက် **၁၁၂% အထက်** ရေထဲတွင်ရှိမည်။

**+782**
MMT(တန်)/၁နှစ်

*The Ocean's Tremendous Potential.* Source: Hilborn and Melnychuk, 2015

## ငါးလုပ်ငန်း စုပေါင်းစီမံခန့်ခွဲမှု

ငါးလုပ်ငန်းမှ လူမှုအဖွဲ့အစည်းများအတွက် အကျိုးအမြတ်တိုးတက်ရရှိစေရန် ရည်ရွယ်သော ငါးလုပ်ငန်းနှင့် ငါးသယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်ရန် နည်းလမ်းများစွာ ရှိနေပါသည်။ အထူးသဖြင့် ဂေဟစနစ်အခြေပြုသော ငါးလုပ်ငန်းထိန်းသိမ်းစောင့်ရှောက်ခြင်း (EAFM)၊ ပင်လယ်ပြင်တွင် နေရာသတ်မှတ်၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း (MSP) နှင့် ဘက်စုံသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ခြင်း (IRG)တို့မှာ ထင်ရှားသော နည်းလမ်းများဖြစ်ပါသည်။ အဆိုပါ ထိန်းသိမ်းစောင့်ရှောက်ခြင်း နည်းလမ်းအသီးသီးတို့သည် ပြည်သူနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းပြီး၊ အမြင့်မားဆုံးအကျိုးရရှိရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန် အစီအမံများကို ဆုံးဖြတ်ဖော်ဆောင်ခြင်း ဖြစ်ပါသည်။

ရှိကြောင်း တွေ့ရှိရပါသည်။ ငါးလုပ်ငန်းမှ အခွန်အခရရှိမှုမှာလည်း လက်တွေ့ ငါးထုတ်လုပ်မှုနှင့် နှိုင်းယှဉ်လျှင် ကွာဟမှုများစွာရှိနေကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့်လက်ရှိ ငါးလုပ်ငန်းဥပဒေများကို ခေတ်ကာလနှင့် လိုက်လျောညီစေရန် လည်းကောင်း၊ နိုင်ငံတကာနှင့် တန်းတူစီမံခန့်ခွဲနိုင်ရန်သော် လည်းကောင်း ပြန်လည်ပြင်ဆင်ခြင်းဖြင့် ငါးလုပ်ငန်းစီမံခန့်ခွဲမှုနှင့် ငါးလုပ်ငန်းကျင့်စဉ်များကို ထိန်းသိမ်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထိုအခါ မြန်မာ့ငါးသယံဇာတများကို ရေရှည် တည်တန့်စေရန် ထိန်းသိမ်းစောင့်ရှောက် သွားနိုင်မည်ဖြစ်ပါသည်။ မှတ်ပုံတင်ထားခြင်းမရှိသော ငါးဖမ်းလှေများနှင့် ငါးဖမ်းကိရိယာများကို ဖော်ထုတ်ပြီး စာရင်းထည့်သွင်း သတ်မှတ်ဆောင်ရွက်နိုင်ရန်မှာ အရေးကြီးသော လိုအပ်ချက်ဖြစ်ပါသည်။ တရားမဝင်ငါးဖမ်းလုပ်ငန်းများ Illegal, Unreported and Unregulated (IUU) ကို လျော့နည်းစေရန်နှင့် တိုက်ဖျက်နိုင်ရန် နိုင်ငံတော် အစီအစဉ် (NPOA) ကို လက်တွေ့ အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ သို့မှသာလျှင် ထိရောက်သော ငါးလုပ်ငန်း စီမံခန့်ခွဲမှုကို အကောင်အထည် ဖော်နိုင်မည် ဖြစ်ပါသည်။ ရေလုပ်သားများ လုပ်ငန်းခွင် လုံခြုံမှုရှိစေရေးနှင့် အကာအကွယ်ပေးခြင်းများကို ဆောင်ရွက်ထားရှိခြင်းဖြင့်လည်း လူ့အခွင့်အရေး ဆိုင်ရာ စံချိန်စံညွှန်း မပြည့်မီမှုများကို လျော့နည်းစေမည်ဖြစ်ပါသည်။ ငါးလုပ်ငန်း ဆိုင်ရာ ဥပဒေများကို တိုးတက်ကောင်းမွန်စေခြင်းဖြင့် ငါးသယံဇာတများကို ပြန်လည်၍ တိုးပွားလာစေမည်ဖြစ်ပြီး၊ တန်ဖိုးမြှင့် ဈေးကွက်တင်ခြင်း စသည် များကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

### ၃။ ပိုမိုကောင်းမွန်သော ရေလုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။

ဂေဟစနစ်ကို အခြေပြု၍ ဒေသအလိုက် ဘက်စုံ ပူးပေါင်းဆောင်ရွက်သော ငါးလုပ်ငန်းစီမံခန့်ခွဲသည့် နည်းလမ်းဖြင့် ငါးသယံဇာတများ ပြန်လည်၍ ထိန်းသိမ်း ထူထောင်နိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းစီမံခန့်ခွဲခြင်းအတွက် ငွေကြေးသုံးစွဲခြင်းမှာ ကာလရှည်စွာကပင် အကန့်အသတ်ဖြင့် ရှိနေပါသည်။ တိုင်းဒေသကြီးများတွင် ငါးလုပ်ငန်း စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းအစီအစဉ်များ အားနည်းခြင်းကြောင့် တရားမဝင်ငါးဖမ်းဆီးခြင်း (IUU) များ ပေါ်ပေါက်လျက် ရှိပါသည်။ ဤအခြေအနေတွင် သုတေသနဆိုင်ရာ အားနည်းခြင်း၊ အတွေ့အကြုံ နည်းခြင်း၊ ငါးလုပ်ငန်းဥပဒေအပေါ် ကျောထောက်နောက်ခံ အားပေးမှုနည်းခြင်း စသည်များမှာလည်း ငါးလုပ်ငန်း စီမံခန့်ခွဲမှု အရည်အသွေးမြှင့်တင်ရာတွင် ထပ်ဆင့် စိန်ခေါ်မှုများအဖြစ် ရှိနေပါသည်။

ထိရောက်သော ငါးလုပ်ငန်းစီမံခန့်ခွဲမှုကို ဖော်ဆောင်ရာတွင် အောက်ပါ အချက်များ အဓိကပါဝင်ရန် လိုအပ်ပါသည် -

ငါးသယံဇာတ တည်ရှိမှုအခြေအနေကို သိရှိရန် ပူးပေါင်းဆောင်ရွက်ခြင်း၊ ငါးဖမ်း ရာသီတွင် အလွန် အကျွံမဖြစ်စေရန် စီမံခန့်ခွဲမှု အစီအစဉ်ရေးဆွဲခြင်း၊ တရားမဝင် ငါးဖမ်းနည်းစနစ်များကို ကာကွယ်တားဆီးရန် နည်းလမ်းများ ဖော်ဆောင်ခြင်းများ အပြင် အောက်ဖော်ပြပါ အချက်များလည်း ပါဝင်သင့်ပါသည်။

> ငါးသယံဇာတများကို မိမိတို့အားလုံးက ဖော်ထုတ်စားသုံးခဲ့ကြတယ်၊ ယခုအခါမှာ ငါးသယံဇာတများကို ပြန်လည်ထူထောင်နိုင်ရန် ပွင့်လင်းမြင်သာစွာ တာဝန်ယူရမှာဖြစ်ပါတယ်။
>
> ဦးစံကျော်လှ၊ ရခိုင်ငါးလုပ်ငန်းမိတ်ဖက်အဖွဲ့ - ၂၀၁၅

၁) သတ်မှတ်ထားသောပမာဏ အတိုင်းအတာအထိသာ ငါးဖမ်းခြင်း။
၂) နယ်စပ်ဖြတ်ကျော် သွားလာကျက်စားနေသော ငါးအုပ်စုများကို စီမံခန့်ခွဲရန် အစီအစဉ်ရေးဆွဲခြင်း။
၃) ငါးဖမ်းရေပြင်များကို ပိုမို၍ လုံခြုံမှုရှိစေခြင်း။
၄) မျိုးသုန်းပျောက်ကွယ်မည့် စာရင်းဝင်ရေသတ္တဝါများ၊ မျိုးတုန်းပျောက်ကွယ် လုနီးပါး ဖြစ်နေသော ရေသတ္တဝါများ၊ ဘေးမဲ့ပေးထားသော မျိုးစိတ်များ (ဥပမာ-အဏ္ဏဝါ နို့တိုက်သတ္တဝါများ၊ ပင်လယ်လိပ်များ၊ ငါးမန်းနှင့် ငါးလိပ်ကျောက် စသည်များ) အား ပြန်လည်တိုးပွားလာအောင် ဆောင်ရွက်မည့် အစီအစဉ်များ ရေးဆွဲခြင်း။
၅) ရှားပါးမျိုးစိပ်များကို ရေလုပ်သားများထံမှ ပြန်လည်ဝယ်ယူ၍ ဘေးမဲ့ပေးနိုင်မည့် အစီစဉ်များ ထားရှိခြင်း။
၆) သုတေသနလုပ်ငန်းရလာဒ်များနှင့် သယံဇာတအား စောင့်ကြည့်လေ့လာပြီး အခြေအနေများကို တာဝန်ရှိသူများထံ သတင်းပေးပို့နိုင်ရန် အနေအထားများကို ဖော်ဆောင်ခြင်း။

### ၄။ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ အရည်အသွေးမြှင့်တင်ခြင်း။

ငါးလုပ်ငန်းသုတေသနနှင့် စီမံခန့်ခွဲခြင်းတွင်လည်းကောင်း၊ ငါးလုပ်ငန်းဥပဒေ များကို ကျောထောက်နောက်ခံပြု လုပ်ငန်းများတွင်သော် လည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာနတွင် သီးခြားစနစ်တကျ လေ့ကျင့်ထားသော ဝန်ထမ်း အရေအတွက်မှာ အလွန် နည်းပါးပါသည်။ တစ်ဖက်တွင် ငါးလုပ်ငန်း စောင့်ကြည့်ခြင်း၊ ထိန်းသိမ်းခြင်း၊ ထောက်လှမ်းခြင်း Monitoring, Control and Surveillance (MCS) လုပ်ငန်းများကို ဖေါ်ဆောင်နိုင်ရန် ဌာနဆိုင်ရာ သီးခြား ရန်ပုံငွေ သတ်မှတ်ထားခြင်းလည်း မရှိပါ။ ငါးလုပ်ငန်း အရာရှိများအနက် ငါးလုပ်ငန်း၏ အဓိကတာဝန်ဖြစ်သော ငါးလုပ်ငန်းထိန်းသိမ်းစောင့်ရှောက်ခြင်းကို ဆောင်ရွက်နိုင်သော အခြေအနေမှာ ဝန်ထမ်းအင်အား၏ ၅% အောက်တွင်သာ ရှိပါသည်။ ငါးလုပ်ငန်းစီမံခန့်ခွဲမှုကို ထိရောက်စွာ ဖော်ဆောင်နိုင်ရန် ဌာနဆိုင်ရာအနေဖြင့် သီးခြားတာဝန်နှင့် လုပ်ပိုင်ခွင့် ပေးအပ်ခြင်းမရှိပါက



တရားမဝင် ငါးဖမ်းဆီးခြင်း (IUU) နှင့် ငါးသယံဇာတများ ရေရှည်တည်မြဲမှုကို ထိခိုက်စေနိုင်သည့် ငါးလုပ်ငန်း ဆောင်ရွက်မှုများအား ကာကွယ်တားဆီးနိုင်မှုမှာလည်း အားနည်းမည်ဖြစ်သည်။

ငါးလုပ်ငန်းအခြေအနေကို စောင့်ကြည့်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ထောက်လှမ်းခြင်းစနစ်(MCS) ကို အကောင်အထည်ဖော်ရန်နှင့် တရားမဝင် ငါးဖမ်းဆီးခြင်းကို ကာကွယ်ရန် နိုင်ငံတော်အစီအစဉ် (NPOA-IUU) ကို ၂၀၁၅ ခုနှစ်တွင် ရေးဆွဲထားပြီး ဖြစ်ပါသည်။ ထိုအစီအစဉ်ကို ဖော်ဆောင်ရန်အတွက် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဆောင်ရွက်မှုများကို နမူနာထား ဆောင်ရွက်သင့်ပါသည်။ ထိုဆောင်ရွက်မှုတွင် ဌာန/အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆန်းစစ်ခြင်း၊ ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ စွမ်းဆောင်မှုအရည်အသွေး မြှင့်ပေးခြင်း၊ လုပ်ငန်းဆက်စပ်သော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေးခြင်း၊ ဌာနဆိုင်ရာစွမ်းဆောင်မှု အရည်အသွေး ရေရှည်ဖွံ့ဖြိုးပြီး ခေတ်နောက်ကျန်ခဲ့သော အသုံးချသုတေသန လုပ်ငန်းများကို ဖော်ဆောင်ခြင်းဖြင့် MCS ကို ပံ့ပိုးပေးနိုင်ရန်နှင့် နိုင်ငံတကာ၏ အကူအညီဖြင့် ပံ့ပိုးမှုကိုရယူခြင်း စသည်တို့ ဖြစ်ပါသည်။

## ၅။ ပိုမိုထိရောက်သော မိတ်ဖက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု

မြန်မာ့ပင်လယ်ပြင်တွင် ကျဆင်းနေသော ငါးသယံဇာတများအား ပြန်လည်ထူထောင်နိုင်ရေးအတွက် စီမံအုပ်ချုပ်မှု အစီအစဉ်များကို မိတ်ဖက် ပူးပေါင်းဆောင်ရွက်သော နည်းလမ်းဖြင့် ဖော်ဆောင်နိုင်ပါသည်။ ငါးလုပ်ငန်းဦးစီးဌာန၊ ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ တပ်မတော်ရေ၊ ကမ်းခြေစောင့်တပ်၊ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများပူးပေါင်း၍ ပင်လယ်ပြင်ထိန်းသိမ်းရေး၊ ငါးသယံဇာတ တိုးပွားရေးကို ပူပေါင်းဆောင်ရွက်နိုင်မည့်အခွင့်လမ်းများ ရှိပါသည်။ ထို့အပြင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အကျိုးတူသော်လည်းကောင်း၊ နှစ်နိုင်ငံအချင်းချင်းသော် လည်းကောင်း၊ နိုင်ငံများစွာဖြင့် ပူးပေါင်း၍သော်လည်းကောင်း၊ သီးခြားအကူအညီများ ရယူခြင်းဖြင့် သော်လည်းကောင်း ကမ်းဝေးငါးသယံဇာတ ပြန်လည်ထူထောင်ခြင်း နှင့် ရေရှည်စီမံခန့်ခွဲမှု အစီအစဉ်များကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ မိတ်ဖက် ပူးပေါင်းဆောင်ရွက်ရာတွင် ရေလုပ်ငန်းနှင့်ဆက်နွယ်နေသည့် ပါဝင်သင့်သူများ အားလုံးပါဝင်ပြီး ပွင့်လင်းစွာဆွေးနွေး၍ စီမံခန့်ခွဲမှု အစီအစဉ်များ၊ ငါးမဖမ်းရကာလ သတ်မှတ်ခြင်း၊ ပင်လယ်ပြင်သား၊ ငါး ထိန်းသိမ်း ဧရိယာ သတ်မှတ်ခြင်းများနှင့် ငါးဖမ်းကရိယာဆိုင်ရာ သတ်မှတ်ခြင်းများကို ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

မိတ်ဖက် ပူးပေါင်းဆောင်ရွက်ခြင်းမှတဆင့် ငါးလုပ်ငန်းအခြေပြု စီးပွားရေးများကို တာဝန်သိမှု တာဝန်ခံမှုရှိစွာ ဆောင်ရွက်ခြင်းကို အားပေးခြင်းဖြင့် ငါးသယံဇာတများကို ပြန်လည်ထိန်းသိမ်းခြင်း၊ အရည်အသွေးမြင့်သော ငါးအထိအမိရရှိခြင်းသာမက ဈေးကွက်တွင်လည်း တန်ဖိုးမြင့်မားလာမှုများ ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ပြီး၊ အထူးသဖြင့် အမျိုးသမီးများ၏အခန်းကဏ္ဍ ပိုမိုမြင့်မားလာမည့် အကျိုးကျေးဇူးများ ရှိလာမည်ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်ခြင်းမှ ပွင့်လင်းမြင်သာသော ဆုံးဖြတ်ချက်များကို သတ်မှတ်နိုင်မည်ဖြစ်ပြီး၊ မြန်မာ့စီးပွားရေးနှင့် ပင်လယ်ပြင် ထိန်းသိမ်းရေးတို့တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အထောက်ကူပြုစေမည် ဖြစ်ပါသည်။

## နိဂုံး

မြန်မာ့ပင်လယ်ကမ်းဝေး ငါးသယံဇာတများကို ပြန်လည်ထူထောင်ရန် လိုအပ်လျှက်ရှိပါသည်။ လက်ရှိငါးလုပ်ငန်းဥပဒေနှင့် ကျင့်စဉ်များ၏ အားနည်းချက်များကြောင့် ထိရောက်သော စီမံခန့်ခွဲအုပ်ချုပ်မှုကို ဖော်ဆောင်ရန် စိန်ခေါ်မှုများရှိနေပါသည်။ ဤအခြေအနေတွင် ခေတ်ကာလနှင့်လျော်ညီသော စီမံခန့်ခွဲမှုအစီအစဉ်များကို ဖော်ဆောင်နိုင်ခြင်းသည် ပင်လယ်ကမ်းဝေးငါးလုပ်ငန်းမှ မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ကြီးစွာအထောက်အကူပြုနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိဒီမိုကရက်တစ် အစိုးရသည် နိုင်ငံ့စီးပွားရေးကို တိုးတက်ထူထောင်ရန် မျှော်မှန်းချက်များစွာရှိနေပါသည်။ သင့်တော်သော ငါးလုပ်ငန်းစီးမံခန့်ခွဲမှုများကို အောက်ပါအတိုင်း ဖေါ်ဆောင်ခြင်းဖြင့် ငါးလုပ်ငန်းမှ အကျိုးဖြစ်ထွန်းမှုများ ရရှိလာမည်ဖြစ်ပါသည်။

- ရေလုပ်ငန်းဆောင်ရွက်ရန် အစီစဉ်ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ငါးလုပ်ငန်းနှင့်သက်ဆိုင်သော ပါဝင်ပတ်သက်သင့်သူ အားလုံးပါဝင်သည့် မိတ်ဖက် ပူးပေါင်းဆောင်ရွက်ခြင်း။
- ဂေဟစနစ်အခြေပြု ဒေသအလိုက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပေါင်းစပ်စီမံခန့်ခွဲမှုကို မြင့်မားတိုးတက်စေခြင်း။
- ပင်လယ်ကမ်းဝေး ငါးလုပ်ငန်းကို ပြန်လည်ထူထောင်ခြင်းဖြင့် ငါးရိက္ခာဖူလုံစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေခြင်းနှင့် စီးပွားဖွံ့ဖြိုးခြင်း စသည်တို့ကို ဖြစ်ထွန်းစေခြင်း။
- တရားမဝင် ငါးဖမ်းလုပ်ငန်းများ (IUU) များ လျော့နည်းပပျောက်သွားစေရန် ခေတ်အခါနှင့်လျော်ညီသော ရေလုပ်ငန်းဥပဒေများကို ပြုပြင်ပြဌာန်းခြင်း၊
- မြန်မာ့ပင်လယ်ငါးလုပ်ငန်း ပြန်လည်ထွန်းကားလာရေးအတွက်ဌာန ဆိုင်ရာဖွဲ့စည်းမှုများကို ပြန်လည်ဆန်းစစ်ပြင်ဆင်ခြင်း။

## မျှော်မှန်းချက်များ

ဤမူဝါဒဆိုင်ရာသည် မြန်မာ့ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်းနှင့် ဆက်စပ် အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြထားပါသည်။

၁) ပင်လယ်ကမ်းဝေး ငါးသယံဇာတများကို ပြန်လည်ဖြစ်ထွန်း ပွားများစေရန် ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်သော ငါးလုပ်ငန်း စီမံခန့်ခွဲအုပ်ချုပ်မှုနှင့် မိတ်ဖက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ခြင်း၊

၂) မြန်မာနိုင်ငံ၏ လူမှုဘဝ စီးပွားရေးတိုးတက်လာစေရန် အထောက်အပံ့ပြုမည့် ရေရှည်တည်တံ့စေသည့် ပင်လယ်ကမ်းဝေးငါးလုပ်ငန်း ထိန်းသိမ်း စောင့်ရှောက်ခြင်း၊

၃) ရေရှည်တည်တံ့သော ငါးလုပ်ငန်းစီမံခန့်ခွဲမှုကို ဖော်ဆောင်နိုင်ရန် ငါးလုပ်ငန်း ဆိုင်ရာ ဥပဒေများ ပိုမိုအားကောင်းလာစေရေးနှင့် ဌာနဆိုင်ရာ စွမ်းဆောင်ရေး ပိုမိုကောင်းမွန်စေမည့် အခွင့်အလမ်းများ ဖြစ်ပေါ်စေခြင်း၊

## ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များအပေါ် အဓိက အထောက်ကူပြုမှုများ (SDGs)

**ကမ်းနီး ငါးဖမ်းလုပ်ငန်း**

1 NO POVERTY — ပူးပေါင်းဆောင်ရွက်မှုသည် ပင်လယ် ကမ်းဝေး ငါးဖမ်းလုပ်ငန်း ကောင်းမွန်စွာ ဆောင်ရွက်ထုတ်လုပ် နိုင်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုကို လျော့နည်းစေခြင်း

2 ZERO HUNGER — ငါးသယံဇာတများကို ရေရှည် ထိန်းသိမ်းခြင်းဖြင့် တော်မွတ် ခေါင်းပါးမှုကို လျော့နည်းစေပြီး၊ စားနပ် ရိက္ခာနှင့်အာဟာရ လိုအပ်ချက်ကို ပြည့်မီစေခြင်း

8 DECENT WORK AND ECONOMIC GROWTH — ဌာနဆိုင်ရာများနှင့် အခြားသော ဆက်စပ် အဖွဲ့အစည်းများကို စွမ်းဆောင်ရည် မြင့်မားစေခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို ဖြစ်ပေါ်စေခြင်း

14 LIFE BELOW WATER — ခေတ်အခါနှင့် လျော်ညီသော ဥပဒေ၊ မူဝါဒတို့ကို ပြဋ္ဌာန်းခြင်းဖြင့် ပင်လယ် သမုဒ္ဒရာနှင့် အဏ္ဏဝါ သယံဇာတများကို ထိန်းသိမ်း စောင့်ရှောက်ခြင်းနှင့်အတူ ထုတ်နုတ်သုံးစွဲနိုင်ခြင်း

16 PEACE, JUSTICE AND STRONG INSTITUTIONS — အားလုံးပါဝင်ပြီး ငြိမ်းချမ်းသာယာသော လူ့အသိုင်းအဝိုင်းကို အထောက်ကူ ပြုသော ပိုမိုကောင်းမွန်သည့် ပင်လယ်ပြင်ဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာစေရန်

## ကျေးဇူးတင်လွှာ


- Win Ko Ko, Department of Fisheries
- Aung Htay Oo, Department of Fisheries
- Swe Thwin, Myanmar Fisheries Federation
- Aung Aung Naing, Pyoe Pin
- Martin Callow, Wildlife Conservation Society
- Gareth Johnstone, WorldFish
- Gilles Hosch, Trade Development Program (EU)
- Rudolf Hermes, Food and Agricultural Organization


## ကျမ်းကိုးကား


- IMR. Cruise Report. Myanmar Ecosystem Survey (2014)
- Department of Fisheries. Myanmar Fisheries Statistics (2015)
- National Plan of Action on Illegal, Unreported and Unregulated Fishing (2016)
- Hilborn, R., and Melnychuk, M. Fishery prosperity roadmap (2015)
- Costello, C., et al. Global fishery (2016)
- UCSB/EDF. The potential for global fish recovery (2015)
- Staples, D. & Funge-Smith, S. Ecosystem approach to fisheries (2009)


ဝန်ခံချက်။ ဤမူဝါဒစာတမ်းအကျဉ်းတွင် တင်ပြချက်များမှာ အစည်းအဝေးသို့တက်ရောက်လာကြသူများ၏ သဘော ဆန္ဒသာလျှင်ဖြစ်ပြီး ၎င်းတို့အားကိုယ်စားပြုသော ဌာနဆိုင်ရာ၏ သဘောထားမဟုတ်ပါ။


### အလှူရှင်

Australian Government
Australian Centre for International Agricultural Research

Australian Aid

### အခြားထောက်ပံ့သူများ

Livelihoods and Food Security Trust Fund

USAID FROM THE AMERICAN PEOPLE

### မြန်မာ့ငါးလုပ်ငန်းမိတ်ဖက်အဖွဲ့

Arizona
CESD Centre for Economic & Social Development
Cuso International
EDF Environmental Defense Fund
Pyoe Pin Programme
Network Activities Group
Stockholm Resilience Centre
Stockholm University
WCS
WorldFish

